အိမ်ငှားက အိမ်ရှင်အိမ်ငှားသဘောတူစာချုပ်ကို လက်မှတ်ထိုးတယ်ဆိုရင် စာချုပ်ထဲမှာပါတဲ့ အကြောင်းအရာ အခြေအနေတွေကို သဘောတူတာပဲဖြစ်ပါတယ်။

အိမ်ငှားက အိမ်ရှင်အိမ်ငှားသဘောတူညီချက်တခုခုကို ချိုးဖောက်တယ်ဆိုရင် အိမ်ကနှင်ချခံရ နိုင်ပါတယ်။

အိမ်ကနှင်ချခံတယ်ဆိုတာ အိမ်ကနေ ဖယ်ပေးရတာဖြစ်ပါတယ်။

အကျိုးဆောင် ဒါမှမဟုတ် အိမ်ရှင်က အိမ်ကနှင်ချဖို့ ဒါမှမဟုတ် အိမ်ငှားစာချုပ်ကို ဖျက်သိမ်းလိုက်ဖို့ အကြောင်းပြချက် ကောင်းကောင်း ရှိရမှာဖြစ်ပါတယ်။

အကျိုးဆောင် ဒါမှမဟုတ် အိမ်ရှင်က စာနဲ့ရေးထားတဲ့ အိမ်ငှားစာချုပ်ဖျက်သိမ်းလွှာကို ပေးရမှာဖြစ်ပြီး စာထဲမှာ ဘာကြောင့် ဘယ်အချိန် ပြောင်းရမှာဖြစ်ကြောင်း ဖေါ်ပြထားရမှာ ဖြစ်ပါတယ်။

ဥပမာ အိမ်ငှားစာချုပ်ဖျက်သိမ်းလွှာမှာ ၁၄ ရက်ကြာတဲ့အထိ အိမ်ငှားခကို မပေးတဲ့အတွက်လို့ အကြောင်းပြထားတာ ဖြစ်နိုင်ပါတယ်။

## အိမ်ငှားစာချုပ်ဖျက်သိမ်းလွှာလက်ခံရရှိရင် ဘာလုပ်သင့်လဲ။

အိမ်ငှားစာချုပ်ဖျက်သိမ်းလွှာလက်ခံရရှိပြီဆိုရင် ဒီအတိုင်းမထားလိုက်ပါနဲ့။ အမြန်ဆုံး အကူအညီ ရှာပါ။

Tenants Advice and Advocacy Services or (TAAS)
ကိုအကြံဉာဏ်ရယူဖို့ ဆက်သွယ်ပါ။

## အိမ်ကမဖယ်ပေးရင် ဘာဖြစ်နိုင်လဲ

၁၄ ရက်အတွင်းအိမ်က ဖယ်မပေးဘူးဆိုရင် အိမ်ရှင်က Tribunal ကို အိမ်ဆက်မငှားလိုကြောင်း လျှောက်ထားနိုင်ပါတယ်။

အဲဒီလိုဖြစ်ခဲ့ရင် Tribunal က ကိုယ့်ဆီကို ကြားနာစစ်ဆေးခံဖို့ နေရာနဲ့ လိပ်စာပါတဲ့ စာတစောင်ပို့ပါလိမ့်မယ်။

ကိုယ့်ဘက်က အခက်အခဲတွေကို ပြောပြဖို့ Tribunal ကြားနာစစ်ဆေးပွဲကို တက်ရမှာဖြစ်ပါတယ်။

စကားပြန်လိုတယ်ဆိုရင် Tribunal ကိုပြောပြပါ။ စကားပြန်ကို အခမဲ့ရရှိနိုင်ပါတယ်။

အိမ်ငှါးစာချုပ်အဆုံးသတ်ဖို့ လို မလို Tribunal ကဆုံးဖြတ်ပါလိမ့်မယ်။

## ကြိုတင်အကြောင်းကြားစာမရပဲ အိမ်က အတင်းပြောင်းရွှေ့ ခံရနိုင်သလား။

အောက်ပါအခြေအနေတွေမှာဆိုရင် ခံရနိုင်ပါတယ်။

- အဆောက်အဦးကို တရားမဝင် အသုံးပြုတဲ့အခါ
- အိမ်ကို ဒါမှမဟုတ် အိမ်နီးချင်းရဲ့ အိမ်အဆောက်အဦးကို ဆိုးဆိုးရွားရွားပျက်စီးစေတာ
- ဒါမှမဟုတ် အိမ်ရှင်ကို၊ အကျိုးဆောင်ကို၊ အလုပ်သမားတွေကို ဒါမှမဟုတ် အိမ်နီးချင်းတွေကို ထိခိုက်နာကျင်စေတာ ဒါမှမဟုတ် ခြိမ်းခြောက်တာ။

အဲဒီလို အပြောင်းအရွှေ့ခံရပြီဆိုရင် အိမ်ငှားအချက်အလက် မှတ်တမ်းမှာ စာရင်းသွင်းခံရနိုင်ပါတယ်။

အဲဒီလို အပြောင်းအရွှေ့ခံရပြီဆိုရင် နောက်နောင်မှာ နောက်ထပ်အိမ်ရှာဖို့ တော်တော်အခက်အခဲတွေ့ သွားနိုင်ပါတယ်။

## အိမ်ငှားအချက်အလက်မှတ်တမ်းဆိုတာဘာလဲ။

အိမ်ငှားအချက်အလက်မှတ်တမ်းဆိုတာ အကျိုးဆောင်က အိမ်ငှားခြင်းကိစ္စတွေနဲ့ ပါတ်သက်ပြီး ပြဿနာဖြစ်ဖူးတဲ့ အိမ်ငှားတွေရဲ့ အချက်အလက်တွေကို စာရင်းပြုစု မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်။

အဲဒီလိုစာရင်းမျိုးကို နာမည်ပျက်စာရင်း ဒါမှမဟုတ် အိမ်ငှားဆိုးစာရင်း လို့လဲ ခေါ်ပါတယ်။

အိမ်ငှားသက်တမ်းပြီးသွားပြီး စပေါ်ထက်ပိုတဲ့ အကြွေးရှိနေရင် စာရင်းသွင်းခံရနိုင်ပါတယ်။

စာရင်းထဲမှာ ကိုယ့်နာမည် ပါမပါကြည့်ချင်ရင် အိမ်ငှားအချက်အလက်မှတ်တမ်းထဲက အိမ်ငှားဆိုတဲ့ အခန်းမှာ သွားကြည့်နိုင်ပါတယ်။

Tenancy Information Centre Australasia (TICA)

www.tica.com.au

National Database (NTD)

www.ntd.net.au

Trading Reference Australia (TRA)

www.tradingreference.com

အချက်အလက်တွေရှာဖွေဖို့ အခကြေးငွေ ပေးကောင်းပေးရနိုင်ပါတယ်။

Tribunal က အိမ်ငှားသက်တမ်းအဆုံးသတ်တာ၊ အိမ်ပြောင်းခိုင်းတာနဲ့ အိမ်ငှားအချက်အလက် မှတ်တမ်းကိစ္စတွေနဲ့ ပါတ်သက်တဲ့ အငြင်းပွားမှုတွေကို ကိုင်တွယ်ဖြေရှင်းပါတယ်။

Tribunal ရဲ့အခန်းကဏ္ဍနဲ့ပါတ်သက်ပြီး ရှာဖွေချင်တယ်ဆိုရင် YouTube မှာ သူတို့ရဲ့ DVD ကိုရှာကြည့်လို့ရပါတယ်။ ဒါမှမဟုတ် သူတို့ရဲ့ ဝက်ဘ်ဆိုဒ် စာမျက်နှာမှာ သွားကြည့်လို့ရပါတယ်။

အိမ်ရှင် အိမ်ငှါးကိစ္စတွေနဲ့ပတ်သက်ပြီး၊ အကြောင်း အရာ ပို သိလိုပါက Fair Trading ရဲ့ ဝဘ်ဆိုက်ဖြစ်တဲ့ www.fairtrading.nsw.gov.au ကိုသွား ကြည့်ပါ၊ ဒါမှမဟုတ်၊ ၁၃ ၃၂ ၂၀ ကို ဆက်သွယ်မေးမြန်းပါ။

စကားပြန်အကူအညီလို အပ် ရင် ၁၃ ၁၄ ၅၀ ကို ဆက်သွယ်ပါ။